
ကျော်မင်းနိုင်

# အခန်း (၁)

စပြီ။

သူတို့ ကစပြီ။

မျက်နှာပြင်ကို လက်သီးတစ်လုံးပစ်သွင်းသည် ။

"နောင်ချိုလတ်" ညာခြေကို နောက်တစ်လှမ်း ဆုတ်သည် ။ ညာခြေ အဆုတ်နှင့် တပြိုင်နက် ကိုယ်ကို ဘယ်ဘက်သို့ အနည်းငယ်ရို့ပေးလိုက်ရသည် ။ ရန်သူ၏ လက်သီးသည် မျက်နှာကိုမထိ၊ လေထဲမှာ ဝဲပျံသွားသည် ။

နောင်ချိုလတ် ရန်သူ့ထံသို့ လက်သီးတစ်လုံးပစ်သွင်းမည်ဟု ကြံစည်ပြီးကာမှ စိတ်ကိုလျှော့လိုက် သည် ။

သီးခံနောင်ချိုလတ်....သီးခံ။

မင်းတတ်ထားတဲ့ ကိုယ်ခံပညာဆိုတာက တပါးသူကိုပြန်လုပ်ဖို့ ထက် ကိုယ့်ကိုယ်ကို မထိအောင် ခုခံကာ ကွယ်ဘို့သာပါ။ အေး သီးခံနိုင်တဲ့ အတိုင်းအတာကို လွန် လာပြီ ဆိုရင်တော့ ။

နောက်ချိုလတ် သူတို့ ကိုပြန်မလုပ်သေးဘဲ အသင့်အနေအထားဖြင့် ရပ်ကြည့်နေလိုက်သည် ။

သူတို့ က သုံးယောက်ဖြစ်သည် ။

ရှမ်းကုန်းပြင်မြင့်၏ ဝတ်စားဆင်ယင်မှုအတိုင်း သူတို့ သည် ပင်နီကြမ်းရှမ်းဘောင်းဘီများကိုဝတ်ထား ကြသည် ။ တစ်ယောက်သည် ရှမ်းတိုက်ပုံနက်ကို ဝတ်ထားသည် ။ နှစ်ယောက်သည် ကိုယ်အထက်ပိုင်းဗလာ။

ထိုနှစ်ယောက်၏ ရင်ဘတ်၊ ကျောပြင်၊ လက်များ တွင် အင်းကွက်နှင့် အရုပ်များကိုတွေ့ရသည် ။ အင်္ကျီနှင့် တစ်ယောက်သမားတွင် ဆောင်ဓားတစ်ချောင်း လွယ်လျက်ပါလာသည် ။

သူတို့ သုံးယောက်ကိုခြုံ၍ ကြည့်ရလျှင် သုံးယောက်စလုံး သိုင်းသမားများ ဖြစ်ကြဟန်ရှိသည် ။

နောင်ချိုလတ်သိုင်းကွက်နှင့် တကွက်ရှောင်လိုက်သည် ကို သူတို့ သတိပြုလိုက်မိဟန်တူသည် ။ စောစော ကလို သူတို့ အရိုင်းထိုး ဝင်မထိုးရဲတော့။

အရိပ်အခြည်ကိုကြည့်သည် ။

နောင်ချိုတတ်ကို သုံးသပ်သည် ။

အင်္ကျီနှင့် ဓားသမားက ဓားရိုးပေါ် လက်တင်၍ မေးသည် ။

"ဒီကို...မင်းဘာလာလုပ်တာလဲ"

တစ်ဖက်က လေသံမာသော်လည်း နောင်ချိုလတ် လေသံခပ်ပျော့ပျော့ဖြင့်ဖြေသည် ။

"ကျွန်တော် ထမုံအောင်နဲ့ တွေ့ချင်လို့ ပါ"

"ထမုံအောင် ဟုတ်လား"

"ဟုတ်ပါတယ် ထမုံအောင်ပါ.."

"ထမုံအောင်ဆိုတာ ဘယ်သူလဲ...ဘယ်ကထမုံအောင်လဲ..."

ရော။ ခက်ပြီ။

သူတို့ လူစုက ထမုံအောင်ကို မသိဘူးလုပ်နေကြပြန်တော့ နောင်ချိုလတ်အဖို့ ခက်ချေပြီ။

အမှန်ကိုဆိုရလျှင် ထမုံအောင်သည် ဤနေရာသို့ နောင်ချိုလတ်ကို ချိန်းခဲ့ခြင်းဖြစ်သည် ။ ငနီတောထဲက သူ့အဖွဲ့ကို လာရောက်အကဲခတ်ရန်၊ ပြီးတော့ သူငယ်ချင်းမိတ်ဆွေဖြစ်စကားဝိုင်းဖွဲ့ရန်။

ခုတော့...

မိတ်ဆွေဖြစ်အဆင့်သို့မရောက်တော့။

ငနီ တောအစပ်ကို ဝင်လိုက်သည် နှင့် သည် သုံးယောက်နှင့် စတင်ဆုံဆည်းရသည် ။ သည် သုံးယောက် ဆက်ဆံပုံကလည်း မကောင်းလှ။ စတွေ့တွေ့ချင်း ရန်သူတစ်ယောက်လို ဆက်ဆံသည် ။

ကိုယ့်အမျိုးသားချင်း၊ တရင်းတနှီး ချေချေငံငံမရှိလှ။

သုံးယောက်သားရှေ့တည့်တည့်မှ ပိတ်ဆီးရပ်ကာ ရန်စကြသည် ။

ငနီတောသည် ထမုံအောင်ကြီးစိုးရာတော။

သည် တောမှ လူတွေကရန်စကြသည် ဆိုတော့ ထမုံအောင် ရန်စခြင်းနှင့် မခြားတော့။

သို့ဖြစ်လျှင် မည်သည့် အတွက် ထမုံအောင်က သူ့ကိုဖိတ်ခေါ်ခဲ့ရပါသနည်း။

ရန်စချင်လို့ လား။

အမဲဖျက်ချင်လို့ လား။

နောင်ချိုလတ်အကြောင်းကိုသိချင်လို့ လား။

သည် မေးခွန်းသုံးခုသည် နောင်ချိုလတ်၏ ဦးဏှောက်ထဲမှာ ဝဲလှည့်နေသည် ။

မည်သို့ပင်ဖြစ်စေ။ မမျှော်လင့်ဘဲ ပြဿနာတရပ်နှင့် ကြုံတွေ့လိုက်ရပြီဖြစ်ကြောင်း နောင်ချိုလတ် နားလည်လိုက်ချေပြီ။

နောင်ချိုလတ် အစစအရာရာသတိရှိမှ ၊ လျှင်မြန်မှ ဖြစ်တော့မည်ကို နားလည်မှုနှင့် အတူ အသိဝင်လာခဲ့ သည် ။

"ခင်ဗျားတို့ ထမုံအောင်ကို တကယ်မသိဘူးပေါ့ ဟုတ်လား"

"နှစ်ကယ်မသိဘူး ကိုယ့်လူ..."

ဓားသမားသည် ထိုသုံးယောက်အဖွဲ့တွင် ခေါင်းဆောင်ဖြစ်ဟန်တူသည် ။ ဦးဆောင်၍ နောင်ချိုလတ်နှင့် အမေးအဖြေလုပ်နေလေသည် ။

မသိဘူးဆိုမှ တော့ နောင်ချိုလတ် ဘာတတ်နိုင်ပါတော့မည်နည်း။

ရန်သူသည် ရန်သူဖြစ်ကြောင်း အတိအလင်းစကားဆိုလျှက်ရှိချေပြီ။ စောစောကပင်မိမိကို ကိုယ်ထိ လက်ရောက် တစ်ယောက်သောသူက စော်ကားခဲ့သည် မဟုတ်ပါလား။

နောင်ချိုလတ် မတတ်နိုင်တော့။

ရှောင်ရန်မဖြစ်တော့သည် ကို နားလည်လိုက်ပြီ။

သူတို့ ကလည်း နောင်ချိုလတ် ရှောင်ထွက်သွားပါက သည် အတိုင်း ရန်မမူဘဲနေကြမည့် လူစားများ မဟုတ်ပါ။ ဖြစ်သည့် နည်းနှင့် အန္တရာယ်ပေးမည့် လူစားမျိုးတွေ ဖြစ်၏။

ပထမတော့ သိုးငယ် တစ်ကောင်သည် ဝံပုလွေသုံးကောင်နှင့် တွေ့သည် ။ အမျိုးမျိုး ခယ၍ သိုးငယ်သည် တောင်းပန်မှုပြုသည် ။ သို့သော် ဝံပုလွေသုံးကောင်ကမရ။ သိုးငယ်ကို အမဲဖျက်ရန် တစ်ခုတည်း သာ ဦးတည်ချက်ထား၍ ရန်မူသည် ။

သို့သော် သိုးငယ်သည် ကျားတစ်ကောင်နှယ် အသွင်ပြောင်းရပါလေပြီ။

အပြစ်ရှာလို၍ ကောက်ကျစ်စဉ်းလဲနေသော သူတသိုက်ရှေ့တွင် တောင်းပန်ခယနေ၍ ကော ဘာများ ထူးမှာ နည်း။

နောင်ချိုလတ်၏ ကျားမျက်လုံးများ သည် တိုက်ခိုက်ရန်အတွက် ရန်သူနှင့် သူ့အနေအထားကို တမဟုတ်ချင်း တွက်ဆသည် ။

သူနှင့် လက်တကမ်းအကွာတွင် လက်နက်မဲ့ရန်သူနှစ်ယောက်ရှိသည် ။

ထိုရန်သူနှစ်ယောက်နောက်တွင် ဓားသမားရှိသည် ။

ရန်သူ့အခြေအနေကို တွက်ဆပြီးသည် နှင့် နောင်ချိုလတ်စိတ်ကိုတည်ငြိမ်အောင်ထားသည် ။ အာရုံကို ဓားသမားဆီသို့လွှတ်သည် ။ တိုက်ခိုက်မှုကိုမူ အနီးကပ်ဆုံးရန်သူဖြစ်သော လက်နက်မဲ့ သိုင်းသမား နှစ်ယောက်ဆီသို့ ဦးတည်သည် ။

နောင်ချိုလတ် ဘယ်ဘက်မှ လူကို စတင်တိုက်ခိုက်သည် ။ ထိုသူသည် ဗလလည်း ကြီးသည် ။ သန်လည်း သန်မာသည် ။ ယင်းကြောင့် သူ့ကို စတင်၍ ဖြိုရမည်။

နောင်ချိုလတ် ခန္ဓာကိုယ်ကို ဘယ်ခြေဘက်သို့ယိမ်း၍ ကိုယ်တစောင်းအနေအထားဖြင့် ရန်သူ၏ ညာဒူးခေါက်ကွေးဆောင့်ကန်လိုက်သည်

။

ဘယ်ဘက်မှ ရန်သူ ယိုင်ဆင်းအသွား ညာဘက်မှ ရန်သူကို တဆက်တည်းတိုက်ခိုက်သည် ။ လျှပ် တပြက်အတွင်း ကိုယ်ကို ဟန်ချက်ညီပြန်မတ်သည် ။ ညာခြေကို ဝိတ်ဖိ၍ ညာဘက်သို့ အနည်းငယ်စောင်းကာ ညာဘက်မှ လူကို ဘယ်ခြေထောက်ဖြင့် ဒူးခေါက်ကွေးကို ခုန်ကန်သည် ။ ညာဘက်မှ ရန်သူသည် ဘယ်ဘက်မှ ရန်သူနည်းတူ ယိုင်ဆင်းသွားသည် ။

မြန်သည် ။ မြန်သည် မှ သိပ်ကိုမြန်လွန်းသည် ။

ဓားသမားပင်လျှင် ရုတ်တရက် ကြောင်ငေးသွားရသည် ။

လက်နက်မဲ့ ရန်သူနှစ်ဦး မျက်နှာချင်းဆိုင်အနေအထားသို့ ရောက်သွားသည် နှင့် နောင်ချိုလတ် ခန္ဓာ ကိုယ်သည် လေထဲတွင် ဝံပျံသွားသည် ။ နောက်ဆုံးတိုက်ခိုက်သော ညာဘက်မှ လူ၏ ခါးရိုးကို ဒူးဖြင့်ဖိတိုက်ကာ လက်ဖနောင့်သည် ထိုသူနောက်စေ့ကို ဆတ်ကနဲ တွန်းထည့်လိုက်သည် ။

ရန်သူနှစ်ယောက် နဖူးချင်း ခွပ်ကနဲ အရှိန်ပြင်းစွာ ထိ၍ တစ်ယောက်ပေါ်တစ်ယောက်ထပ်ပြီး လုံးထွေး လဲကျသွားချိန်တွင် နောင်ချိုလတ် မြေပြင်တွင် ခါးထောက်လျက်သားပြန်ကျလာပေပြီ။

ဓားသမားနှင့် ဓားတကမ်း အကွာတွင် ဓားသမားအားပြုံးလျက်သား အနေအထားဖြစ်သည် ။

ဓားသမားသည် နောင်ချိုလတ်၏ လျင်မြန်ဖျတ်လက်မှုကို တအံ့တသြဖြစ်ကာ မင်သက်နေဆဲဖြစ် သည် ။

ဒီလူ ဘယ်လိုလူစားလဲ။ အံ့ဘွယ်သူရဲပါတကား။ ကြောင်ဆေးများ

ထိုးထားလေသလား။ ပေါ့ပါးလိုက် တာလဲလွန်ရော လူစင်စစ်က ပြောင်းလဲလေ့ရှိသော သမန်းကျား သည်းခြေများ စားထားလေသလား။ လျင်မြန် လိုက်တာလဲ ဩချယူရရော။

ဓားသမားသည် မိမိ၏ ပတ်ဝန်းကျင် ဓလေ့ထုံးစံဖြင့်အယူရှိပြီးသော အတွေးအခေါ်ဖြင့် နောင်ချိုလတ် ကို ယှဉ်တွေးလေသည် ။

ပြီးတော့ ဒီလူသည် စကားပြောတော့ချိုချို ချိုချိုနှင့် ။ ကန္တဲ့ကယ အတော်နိုင်သည် ။ တိုက်ခိုက်တော့ စကားနှင့် တခြားစီ။

ကြည့်စမ်း သူ့လူနှစ်ယောက်သည် နဖူးကွဲသောဒဏ်ရာနှင့် သွေးအိုင်ထဲတွင် မထနိုင်သော လဲခြင်းဖြင့် လဲနေပါပကော။

ဓားသမားသည် ဓားကြီး လက်ထဲမှာ ရှိနေသော်လည်း နောင်ချိုလတ်ကို ဝင်မပိုင်းရဲတော့။ အံ့ဩ မင်သက်ခြင်းများ နှင့် နောင်ချိုလတ်ကို တွေတွေကြီး ကြည့်နေမိသည် ။

နောင်ချိုလတ် မျက်နှာမှာ အပြုံးက ရှိနေဆဲ။

ပြီးတော့ ချိုသာသော စကားလုံးများကို နောင်ချိုလတ်ထံမှ ကြားရဆဲ။

"ကဲ…နောင်ကြီး..ပွဲကတော့ နောင်ကြီးမြင်တဲ့ အတိုင်းဘဲ သိပ်ပြီးကြည့်မကောင်းလှပေဘူးလေ…။ ကျွန်တော် စိတ်မကောင်းပါဘူး။ ဒီလို ဘယ်သူ့ကိုမှ ကျွန်တော်လုပ်ဖို့ မရည်ရွယ်ဘူး။ ဒါကြောင့် လည်း ကျွန်တော် ဆောင်ဓားယူမလာတာပေါ့။ ကျွန်တော်တတ်ကျွမ်းထားတဲ့ ကိုယ်ခံပညာဟာ ကိုယ့်လူမျိုးသားချင်းအနိုင်ကျင့် တိုက်ခိုက်ဖို့ မဟုတ်ပါဘူး။ ကဲ…နောင်ကြီးကောဘယ်လိုသဘောရပါသလဲ"

မေးပြီ။ သူမေးလေပြီ။

နောင်ကြီးကော ဘယ်လိုသဘောရပါသလဲတဲ့ ။

ရုတ်တရက်မို့ ဓားသမားသည် နောင်ချိုလတ်၏ အမေးကို ပြန်မပြောတတ်။

ဓားသမားမှာ က တာဝန်ရှိသည် ။ သူ့ဆရာ သူ့ကိုခိုင်းလိုက်သည် မှ နောင်ချိုလတ်ကို တိုက်ခိုက်ဖို့ ။

လက်ချည်းယှဉ်၍ မရလျှင် ဓားဖြင့် ယှဉ်ရပေမည်။ ဆရာ့အမိန့်သည် အသဲမှာ သံမှိုစွဲသလိုစွဲနေသည် ။

နောင်ချိုလတ်၏ တိုက်ရည်ခိုက်ရည်ကို လန့်ပေမဲ့ တာဝန်ကရှိသည် ။

ဓားသမား စိတ်ကိုတင်းသည် ။ ဓားအိမ်မှ ဓားကို ရုတ်ကနဲဆွဲထုတ်လိုက်သည် ။

"ဟေး….အေး…"

အားယူ ညာသံပေး ဟစ်အော်သံနှင့် အတူ ဓားသည် ဇင်ယော်သုတ်ဝဲသုတ်၍ နောင်ချိုလတ်၏ မျက်နှာ ဆီသို့ ဝင် လာလေသည် ။

နောင်ချိုလတ် ခေါင်းကိုငုံ့ပေးရင်း ဓားသမား၏ အတွင်းပိုင်းသို့ တအားဝင်လိုက်သည် ။ ဓားသမား၏ ဓားကိုင်လက်သည် နောင်ချိုလတ်၏ ပုခုန်းကိုလွန်သွားကာ နောင်ချိုလတ်ပုခုန်းသည် ဓားသမားဂျိုင်း အောက် ရောက်၍ ပင့်ထမ်းလိုက်မိသည် ။ နောင်ချိုလတ်လက်နှစ်ဖက်သည် ဓားသမား၏ ခါးကို အမိအရကိုင်ကာ နောက် ဖက်သို့ မြှောက်တင်လိုက်နိုင်သည် ။

ဓားသမားသည် နောင်ချိုလတ်၏ နောက်တွင် ဒလိမ့်ခေါက်ကွေး ပစ်ကျသွားသည် ။ ဓားသမားမြေကြီး ပေါ် အကျတွင် နောင်ချိုလတ် နော

က်သို့ပြန်လှည့်လိုက်နိုင်ပြီဖြစ်သည် ။

ဓားသမားခမျာ ဓားတခြားလူတခြားဖြစ်ကာ လုံး၀ထမလာနိုင်ရှာ တော့။ နောင်ချိုလတ် ဓားသမားကို ပုခုန်းထမ်းကိုင်ပေါက်လိုက်ခြင်းဖြ စ်သည် ။

နောင်ချိုလတ်
လဲကျနေသောရန်သူသုံးယောက်ကိုသေသေချာချာကြည့်သည် ။ သူတို့ ၏ ညာလက် မောင်းကို စေ့စေ့စပ်စပ်ရှာသည် ။

ဟော....တွေ့ပြီ။

ကျွဲတစ်ကောင်ဂျို၀င့်၍ ခတ်နေပုံကို ဆေးမင်ကြောင်ဖြင့် သေသေ ချာချာ ထိုးထားသည် ကို နောင်ချို လတ်တွေ့ပြီ။

"တောက်...."

နောင်ချိုလတ် တောက်တစ်ချက်ပြင်းစွာခေါက်လိုက်မိသည် ။

ထိုအမှတ်တံဆိပ်ကိုမြင်တော့ နောင်ချိုလတ်၏ ဒေါသများ တမဟု တ်ချင်း ပေါက်ကွဲလာရသည် ။

သူ့ကို ထမုံအောင် ညာခေါ်ခဲ့သည် ကို သူနားလည်လိုက်ချေပြီ။ ထိုကျွဲရိုင်းအမှတ်အသားသည် ထမုံ အောင်၏ ကျွဲရိုင်းသိုင်းအဖွဲ့၏ အမှ တ်တံဆိပ်ဖြစ်သည် ။ သူ့အဖွဲ့မှ သိုင်းပညာကို သင်ယူသူတိုင်း ထိုအမှတ် တံဆိပ်ကို လက်မောင်းတွင် ထိုးရလေသည် ။

"မင်းတော်တော်အကြံပက်စက်တာဘဲထမုံအောင်။ အေးမင်းက ဒီ လိုအကြံပက်စက်မှ တော့ နောင်ချို လတ် အကြောင်းလည်း သိရတာပေ့ါဟေ့ ထမုံအောင်။ နောင်ချိုလတ် အကြောင်းလဲသိရသေး တာပေ့ါ...."

နောင်ချိုလတ်၏ အော်ဟစ်သံသည် ဇနီတောကို ငုနီတောကို လှုပ်ခါသွားလေသည်။

******

# အခန်း (၂)

သူရောက် လာပြီ။

ထမုံအောင် သူ့ကိုမြင်သည် နှင့် အံ့အားသင့်သွားသည် ။

သို့သော်တမဟုတ်ခြင်းမှာ ထမုံအောင်၏ အံ့အားသင့် မျက်နှာသည် ပြောင်းလဲသွားခဲ့သည် ။

အပြောင်းအလဲကလည်း မြန်လွန်းလှပါဘိ။

ထမုံအောင် မျက်နှာတွင် အပြုံးများ ရုတ်ခြည်း ရောက်လာခဲ့သည် ။

"ဟေး...နောင်ချိုလတ်"

ထမုံအောင် အဝေးကြီးမှ လှမ်းအော်ကာ သူ့ထံသို့ပြေးလာခဲ့သည် ။

နောင်ချိုလတ် ခြေလှမ်းကိုတုန့်ကနဲရပ်ကာ ထမုံအောင့်ကို ခပ်တည် တည်ကြည့်သည် ။

"တောစပ်မှာ တွေ့ခဲ့တာ မင်းလူတွေလား ထမုံအောင်"

"ဘယ်သူတွေပါလိမ့်"

ထမုံအောင် မသိချင်ဟန်ပြု၍ ပြန်မေးသည် ။

"မင်းတကယ်မသိတာလား ထမုံအောင်"

"အေး...တကယ်မသိတာ"

"မင်းမသိရင် ငါကပဲပြောရတာပေ့ါလေ"

ထမုံအောင် နောင်ချိုလတ်ဘေးတွင် ယှဉ်ရပ်လာသည် ။ နောင်ချိုလတ် သတိထား၍ ဆက်ပြောသည် ။

"သူတို့ လက်မောင်းမှာ မင်းရဲ့ ဟောဒီ လက်မောင်းက ကျွဲရိုင်းတံဆိပ် အမှတ်အသားတွေနဲ့ လေကွာ"

နောင်ချိုလတ် ထမုံအောင်၏ လက်မောင်းမှ ကျွဲရိုင်းတံဆိပ်ကို လက်ညှိုးဖြင့်တဆတ်ဆတ်ထိုး၍ ပြောပြလိုက်သည် ။

"ဟင်..."

"မဟင်နဲ့ ကိုယ့်လူ...အဲဒီကောင်တွေဟာ မင်းကောင်တွေမှ မင်းကောင်တွေအစစ်"

ထမုံအောင်မငြင်းသာတော့။

"ငါ့ကောင်တွေ ဟုတ်တော့ဟုတ်ပါတယ်ကွာ"

"အဲဒီကောင်တွေကိုလွှတ်ပြီး မင်းကငါ့ကို ဘာလို့ ရန်ရှာရတာလဲ ထမုံအောင်။ မင်းနဲ့ ငါနဲ့ ဘာရန်စရှိ လို့ လဲ"

"ဟုတ်ပါတယ်လေ...မင်းကိုငါက ဘာလို့ ရန်ရှာ ရမှာ လဲနောင်ချိုလတ်ရယ်"

"ဘာလို့ ရန်ရှာရမှာ လဲဟုတ်လား ထမုံအောင်။ ဒီကိစ္စကို မင်းဖာသာ မင်းအသိဆုံးဖြစ်မှာ ပါ ထမုံအောင်။ ငါ့ကိုပြန်မမေးပါနဲ့ "

"သူငယ်ချင်း မင်းငါ့ကိုအထင်လွဲနေပြီ"

"အထင်လွဲတာတော့ မဟုတ်ဘူး လေ"

"ဒါဖြင့်..."

"တကယ်ကြုံတွေ့လာရလို့ အတတ်ပြောတာ"

ထမုံအောင်သည် သိုင်းကစားနေကြသော သူ့အဖွဲ့မှ လူများကိုလှမ်းကြည့်သည် ။ သူတို့ ကစားနေရာမှာ ပေးနှစ်ဆယ်ပတ်လည်မြေညီကွက်ဖြစ်သည် ။ ထိုနေရာတွင် ငုနီပင်များကို ခုတ်ထွင်ရှင်းလင်းထားလေသည် ။

မြေကွက်လပ်၏ အနားသတ်တွင် ငုနီပင်များ ရှိသည် ။ ငုနီပင်များ၏ ပင်စည်တွင် သူတို့ စီးလာသော မြင်းများကို ကြိုးဖြင့်ချည်ထားလေသည် ။

လူဆယ်ယောက်ခန့်ရှိသည် ။

နောင်ချိုလတ် ရွာထဲမှ မြင်ဘူးသူ တစ်ယောက်နှစ်ယောက်သာပါသည် ။

ကျန်လူများ သည် မျက်နှာစိမ်းများ ဖြစ်ကြသည် ။ ရွာနီးချုပ်စပ်မှ သိုင်းလာသင်သူများ ဖြစ်ပေမည်။

ထမုံအောင်သည် သူ့အတွက်သီးသန့်လုပ်ထားဟန်တူသော သစ်ဆုံမြစ်ကြီးပေါ် ထိုင်ချလိုက်သည် ။ ကြီးမားသော ငုနီပင်ကြီးကို လွှဖြင့်ညီညီညာညာတိုက်ဖြတ်၍ ထိုင်နိုင်ရန် လုပ်ထားခြင်းဖြစ်သည် ။ ထိုနေရာမှာ လူတစ်ယောက်မျှမက နှစ်ယောက်ပင်ထိုင်နိုင်လေသည် ။

နောင်ချိုလတ်ကမထိုင်ဘဲ ထမုံအောင်ထံမှ ထွက်ပေါ်လာမည့် အဖြေကိုစောင့်နေလေသည် ။

"ဒီနေရာကို မင်းကိုဘယ်သူဖိတ်ခေါ်သလဲ နောင်ချိုလတ်"

"မင်းဖိတ်ခေါ်ခဲ့တယ်လေ။ ပြီးတော့မင်းပဲရန်ရှာ..."

"တော်သူငယ်ချင်းတော်။ မင်းစကား ခဏထားပါဦး။ ငါပြောချင်တာ ပြောပါရစေ။ မင်းတို့ ငါတို့ ဟာ သစ္စာတရားကို ကိုးကွယ်သူတွေမဟုတ်လား သူငယ်ချင်း။ ဒို့ငယ်ငယ်တုန်းက ပညာသင်ကြားတဲ့ အခါမှာ ဆရာက ငါတို့ မင်းတို့ ကို သစ္စာရေတိုက်ခဲ့တယ်လေ"

ဒါတော့ဟုတ်သည် ။ လွန်ခဲ့သော ရှစ်နှစ်ကျော် ကိုးနှစ်အခါက ထမုံအောင်နှင့် နောင်ချိုလတ်သည် ထမုံ အောင်၏ လူးလုံ(ဦးကြီး) ထံတွင် သိုင်းပညာများကို သင်ကြားခဲ့သူတွေဖြစ်သည် ။ သူတို့ တတွေ ပညာပြည့်ဝ ကြတော့ လူးလုံသည် သူတို့ အားသစ္စာရေတိုက်ခဲ့သည် ။

"ကျွန်တော်တို့ နှစ်ဦးသည် တစ်ဦးအပေါ်တစ်ဦး သစ္စာဖေါက်ခြင်း၊ အကောက်ကြံခြင်း ပြုခဲ့ပါက ကြံသောသူသွေးအန်၍ သေပါစေသား" ဟု သစ္စာရေသောက်ခဲ့စဉ်က သစ္စာစကားကို ဆိုခဲ့ရပေသည် ။

ခု လူးလုံလဲမရှိတော့ပြီ။

ကိုးကန့်သူပုန်များ ရွာကိုဝင်မွှေစဉ်က ခုခံ တိုက်ခိုက်ရင်း လူးလုံသေနတ်ပစ်ခံရပြီး သေဆုံးခဲ့လေ သည် ။

ထမုံအောင်သည် လူးလုံ၏ အရိုက်အရာကို ဆက်ခံခဲ့သည် ။ ရွာတွင်းရွာပရှိ လူငယ်များကိုစုစည်း၍ သိုင်းပညာများကို သင်ကြားပေးကာ သိုင်းဆရာအဖြစ် ဘဝရပ်တည်မှုကို ရှာကြံခဲ့လေသည် ။

"သစ္စာတရားကိုငါယုံကြည်တယ်နောင်ချိုလတ်၊ မင်းမကျေနပ်ရင် မှော်ဆ ရာကြီးဆီမှာ ငါမှော်သွား ကျိန်ရဲပါတယ်။ ငါမင်းကို အကောက်မကြံပါဘူး"

"ဒါဖြင့် ဒီကောင်တွေ မင်းလူ မဟုတ်ဘူး လို့ မင်းငြင်းရဲသလား..."

"မငြင်းရဲပါဘူးနောင်ချိုလတ်။ အဲဒီလူတွေဟာ ငါ့လူတွေပါ..."

"အဲဒီမင်းလူတွေ ငါ့ကိုရန်ရှာတာက"

"လူမှားလို့ ပါ"

"ဘယ်လိုမှားရတာလဲ"

"ငါဒီနေရာကို လျှို့ဝှက်ထားတယ်။ ပညာတက်ပေးနေတဲ့ အချိန်မှာ ဘယ်သူမှ မမြင်စေချင်ဘူး...။ ဒါကြောင့် ငှနီတောစပ်မှာ ငါ့လူယုံတပည့်သုံးယောက်ကို အမြဲတမ်းအစောင့်ချထားတယ်...။ အေး ဒါပေမဲ့ မင်းနဲ့ ချိန်းထားခဲ့တာ မေ့ပြီး ငါသူတို့ ကိုပြောမထားခဲ့ဘူး...သူတို့ ကလည်း ငါပြောမထားရင် ဘယ်သူလာလာ လွှတ်ပေးလေ့မရှိဘူးကွ..."

"ဒါဆိုရင်...အဲဒီ သုံးကောင်ဟာ မင်းလူသုံးကောင်ဆိုတာ မင်းဝန်ခံပြီပေါ့..."

"အေး..."

"မင်း အတော်အသုံးမကျတဲ့ ကောင်ဘဲ ထမုံအောင်ရာ...။ တကယ်လို့ သာ မင်းလူတွေကြောင့် ငါသေသွားရင် ဘယ့်နှယ်လုပ်မလဲ..."

"ပြောတော့ကွာ....ပြောတော့၊ ငါသတိ ချွတ်ယွင်းတာကလည်း ပြောစရာဖြစ်နေပြီကိုး...။ဒီကိစ္စ အတွက် မင်း မကျေနပ်ရင် နှောင်ချိုလတ် ငါ့ကို ကြိုတ်သလိုတုန့်ပြန်ပါသူငယ်ချင်း။ ငါ့အပြစ်နဲ့ ငါမို့ ခံယူဘို့ အသင့်ပါ..."

နှောင်ချိုလတ် သစ်မြစ်ဆုံ၏ တဖက်စွန်းတွင် ဝင်ထိုင်လိုက်သည် ။

"မင်းဘက်က ဒီလောက်ဝန်ခံတောင်းပန်စကားကို ပြောနေမှ တော့ ငါမင်းကိုအပြစ်ဒဏ် မခတ်ရက်ပါ ဘူး သူငယ်ချင်းရယ်...။ မှားယွင်းပြီးဖြစ်ခဲ့ရတဲ့ ကိစ္စအတွက် ဒို့တတွေ အနာဂါတ်ထားနေလို့ အပို့ပေါ့။ ပြီးတော့ ငါတီးခဲ့လို့ လဲ မင်းကောင် သုံးကောင်လည်း မှောက်

နေခဲ့ပြီဘဲဟာ...."

"လက်လွှန်ခြေလွှန်များ ဖြစ်ခဲ့ပြီလားကွာ..."

"အချိန်အဆကို ငါနားလည်ပါတယ်။ စိတ်ချပါ။ မင်းကောင်သုံးကောင်စလုံး အသက်မသေစေရပါ ဘူး..."

"ဒါဆိုရင်ပြီးတာပါဘဲလေ...မင်းကလည်း ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်း။ သူတို့ ကလည်း အချစ်ဆုံး တပည့်တွေဆိုတော့ မဖြစ်သင့်တာတွေ မဖြစ်စေချင်လို့ ..."

"ခုမှ မင်းက မဖြစ်သင့်တာတွေ မဖြစ်စေချင်လို့ လုပ်နေတယ်။ အမှန်တော့ မင်းအပြစ်တွေချည့်ဘဲ။ မင်းသတိမေ့လို့ ဖြစ်ရတာ၊ ပေါ့လျော့ပြီး မင်းလူတွေကို မှာ မထားခဲ့လို့ ဖြစ်ရတာ..."

"အေးပါကွာ...ငါ့အပြစ်တွေပါလို့ ဝန်ခံထားခဲ့ပြီဘဲ။ ကဲကဲ မင်း ငါ့လူတွေနဲ့ အေးအေးဆေးဆေး စကားပြောဦးမလား။ ငါသင်တန်းဖွင့်တက်လိုက်တော့မယ်လေ..."

ထမုံအောင်ပြောမှ သတိရသည် ။

နောင်ချိုလတ် ထမုံအောင်ဆီသို့ လာခဲ့ခြင်းမှာ ထိုလူငယ်များ နှင့်တွေ့ဆုံဘို့ဖြစ်သည် ။ ထိုလူငယ်များ သည် နောင်ချိုလတ်တို့ 'မိုင်းယဉ်' ရွာအနီးရှိ ရွာများမှ လူငယ်များ ဖြစ်ကြသည် ။

သူတို့ အားလုံးသည် နောင်ချိုလတ်တို့ နည်းတူ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြလေသည် ။ သို့ သော် သူတို့ သည် အများအားဖြင့် တောင်ယာများကိုခုတ်ထွင်ရှင်းလင်း၍ ရွှေ့ပြောင်းစိုက်ပျိုးလေ့ရှိသော မိရိုးဖလာ စိုက်ပျိုးနည်းကို သုံးစွဲကြသူများ ဖြစ်သည် ။

ထိုစိုက်ပျိုးနည်းမှာ အနာဂါတ် အခြေအနေမကောင်းမှုကို ဖြစ်ထွန်း

စေသော်လည်း သူတို့ ဂရုမစိုက်မိ ကြချေ။ လတ်တလောအလွယ်လမ်းကို လိုက်ကြခြင်းဖြစ်သည် ။

တောင်စောင်း၊ တောင်ကမ်းပါးယံများ နှင့် ကုန်းမြင့်များ တွင် မိမိတို့ လုပ်နိုင်သောမြေနေရာများကို ရွေး ခြယ်၍ သစ်ပင်ကြီးငယ်၊ ချုံနွယ်များကို သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလတို့ တွင် ခုတ်ထွင်သည် ။ မိုးပါးစ အချိန်တွင် ခုတ်ထွင်ပြီး တောင်ယာစိုက်ပျိုးမည့် မြေပြင်တွင် စုပုံထားသည် ။

နေအပူရှိန်ကိုရ၍ ခုတ်ထားသော သစ်ပင်များ ခြောက်သောအချိန် တန်ခူးလလောက်တွင် မီးရှို့ဖြစ်ကြ သည် ။ မိုးဖွဲကလေးများကျလာသည့် ကုဆုန်လတွင် ကျွဲတတ်နိုင်သူတို့ က ကျွဲနှင့် ထယ်ထိုး၍ လည်းကောင်း၊ ကျွဲမတတ်နိုင်သူတို့ ကပေါက်ပြား၊ ပေါက်ချွန်းတို့ ဖြင့် မြေကိုတူးစွစိုက်ပျိုးကြသည် ။

ထိုစိုက်ပျိုးနည်းမှာ တောင်ယာတွင် ရေတင်ရန်မလိုဘဲ ရေဓာတ်ရှိ၍ တော်သင့်ရုံ စိုထိုင်းနေသောမြေ တွင် စိုက်ပျိုး၍ ဖြစ်နိုင်လေသည် ။ သို့သော် သုံးနှစ်ခန့်အကြာတွင် မြေဆီမြေသြဇာခန်းခြောက်ကာ ထိုတောင်ယာကောင်းကိုပစ်၍ အခြားသောတောင်ယာအသစ်ကိုရှာကြရပြန်လေသည် ။ တောများကို ထပ်မံ ခုတ်ထွင် ရှင်းလင်းရပြန်သည် ။ မီးရှို့ရပြန်သည် ။ တောင်ယာအသစ်ကို ထပ်မံတည်ရပြန်သည် ။

ထပ်မံတည်သော တောင်ယာအသစ်တွင် မြေဆီမြေသြဇာများ ခမ်းခြောက်သွားပါက နောက်ထပ် တဖန် တောင်ယာအသစ်လုပ်ကိုင်နိုင်ရန် မြေရှာရပြန်သည် ။

သည် နည်းဖြင့် ရွာတွေလဲ အတည်တကျမရှိဖြစ်ရပြန်သည် ။

တောင်ယာလုပ်ကိုင်၍ ကောင်းသောနေရာများ သို့အစုလိုက်၊ အဖွဲ့

လိုက်ရွှေ့ကြရသည် ။ ပြီးတော့ လည်း စွန့်ပစ်ခဲ့သော တောင်ယာဟောင်းများ သည် မြေဆီမြေနှစ် ကင်းမဲ့ကုန်သည် ဖြစ်၍ နောက်ထပ်သစ်ပင် ကြီးများ ထပ်မံ ပေါက်မလာနိုင်တော့ဘဲ တောင်ကတုံးကြီးများ အဖြစ် ဖြစ်တည်နေကြတော့သည် ။

မိုးရွာသည့် အခါတွင် လည်း မိုးရေကိုထိန်းသော သစ်ပင်ကြီးငယ်များ မရှိတော့သဖြင့် ရေစီးကြောင်း ကြီးများ ဖြစ်ကာ မြေပြိုသည့် နေရာပြို၊ ကမ်းပါးပဲ့သည့် နေရာပဲ့ဖြင့် သဘာဝဖေါက်ပြန်မှု ဒဏ်ကိုခံကြရလေ သည် ။

လုပ်ငန်းလုပ်ကိုင်ရာတွင် စနစ်တကျမရှိသဖြင့် စီမံကိန်းဝင်သီးနှံများ ဖြစ်သော စပါး၊ ဂျုံ၊ ပဲအမျိုးမျိုး နှင့် အာလူးစသော သီးနှံများမှာ ထိထိရောက်ရောက် ရောင်းချနိုင်ခြင်းမရှိဘဲ မိမိတို့ စားလောက်ရုံမျှသာလျှင် ထွက်လေသည် ။

ဤအခြေအနေသည် နောင်ချိုလတ်တို့ မိုင်းယဉ်ရွာ အနီးအပါးရှိ ရွာနီးချုပ်စပ်မှ ကျေးရွာများ အခြေအနေဖြစ်သည် ။

နောင်ချိုလတ်တို့ ရွာအခြေအနေမှာ မူကား အားလုံးသည် ခေတ်မီစိုက်ပျိုးရေးကို အားသွန်ခွန်စိုက် လိုက်ကြသဖြင့် စီးပွားရေး ကောင်းနေလေသည် ။

သီးနှံပေါ်ချိန်တွင် ‘တာကော်’ အဝယ်ဒိုင်တွင် သီးနှံများကို သွားရောင်းရောင်းချခြင်းဖြင့် စီးပွားရေး မျက်စိပွင့်နေကြပေပြီ။ ‘တာကော်’ သည် ကျိုင်းတုံ လွိုင်လင် ကားလမ်းပေါ်တွင် ရှိသည် ။ သံလွင်မြစ် ကမ်း ပေါ်မှ ရွာကြီးဖြစ်၍ စည်ကားသည် ။ မိုင်းယဉ်နှင့် ဆယ်မိုင်ခရီးမျှ ဝေးသော်လည်း ကျောက်ခင်းလမ်းရှိသဖြင့် အဆင်ပြေသည် ။ မိုင်းယဉ်နှင့် တာကော်သို့ ငါးရက်တစ်ကြိမ်ပြေးနေသော ကားတစ်စီးရှိသည် ။ ထိုကားကို

နန်းကြာပဒုံတို့ ပိုင်လေသည် ။ မိုင်းယဉ်သည် သံလွင်မြစ် အရှေ့ဘက်က မ်းတွင် ရှိကာ တာကော်၏ အရှေ့ မြောက်ဖက်တွင် ကျရောက်သည် ။ တာကော်သည် သံလွင်မြစ်၏ အနောက်ဖက်ကမ်းတွင် ရှိသည် ။

မိုင်းယဉ်၏ တိုးတက်မှုကို ဝန်းကျင်ရွာများ သည် အားကျကြသည် ။ လာရောက်ပူးပေါင်းနေကြသူများ ရှိ၍ မိုင်းယဉ်သည် ရွာကြီးဖြစ်လာရ လေသည် ။

နောင်ချိုလတ်သည် ငယ်စဉ်က ဖခင်နှင့် အတူ လွိုင်လင်တွင် သွား ရောက်နေထိုင်ခဲ့ရသည် ။ နောင်ချို လတ်၏ ဖခင်ကလွိုင်လင်သားဖြစ် ကာ မိခင်မှာ မိုင်းယဉ်သူဖြစ်သည် ။

လွိုင်လင်တွင် နောင်ချိုလတ်၏ ဖခင် 'ဦးကျောင်းသီလ' သည် နှစ်ရှ ည်ခြံစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့လေသည် ။ သို့သော်လည်း ခြံငှား လက်စားလိုက် လုပ်ရသဖြင့် အကျိုးဖြစ်ထွန်းသလောက် မဖြစ်ထွ န်း ခဲ့ပါ။ ငွေရှင်ကြေးရှင်တို့ ၏ သွေးစုတ်မှုကိုခံရလေသည် ။ ခြံလုပ် သားဘဝကနေ လုံးဝမတက်နိုင်တော့။ ယာထဲ တွင် တဲကလေးတစ်လုံးဖြင့် မိသားစု၏ ဘဝသည် ရှင်သန်ခဲ့ရသည် ။

သို့သော် ဦးကျောင်းသီလသည် အကြံတုံးဉာဏ်တုံးကား မဟုတ်ခဲ့။ ရသမျှငွေလေးကို ခြစ်ချုတ်သုံးစွဲ ကာ သားဖြစ်သူ နောင်ချိုလတ်ကို လွို င်လင်မြို့ပေါ်တွင် ကျောင်းထားခဲ့သည် ။

နောင်ချိုလတ် ငါးတန်းခန့်အရောက်တွင် ဦးကျောင်းသီလသည် ဇ နီးဖြစ်သူ၏ ရွာဖြစ်သော မိုင်းယဉ် သို့ပြောင်းရွှေ့ကာ အခြေချမိပြီဖြစ်သ ည် ။ နောင်ချိုလတ်ကို လွိုင်လင်ကျောင်းတွင် ပင် ဆက်လက်ထားကာ ဦး ကျောင်းသီလ၏ 'နပိုက်'(ဒွေးတော်) အိမ်တွင် နေစေသည် ။ ဦးကျော င်းသီလက တစ်လတစ်ခါ လွိုင်လင်သို့ လာကာ စားစရိတ်ငွေကြေးအပြ

င် ဆန်၊ အာလူး သီးနှံအမျိုးမျိုးကို ပေးခဲ့သည် ။

နောင်ချိုလတ်၏ အစ်မဖြစ်သော နန်းလှဖြူမှာ အလယ်တန်းပညာ တစ်ပိုင်းတစ်စဖြင့် မိုင်းယဉ်တွင် မိဘများ နှင့် အတူ ပြန်နေရပေသည် ။

"မိန်းခလေး ဒီလောက်ပညာတတ်ရင် တော်ပြီ။ ဒို့များ လဲ သိပ်ချော င်ချောင်လည်လည် မဟုတ်ဘူး ။ လုစိုင်းက ယောကျ်ားလေးဆိုတော့ ပ ညာခံလေးရှိမှ တော်မယ်..."

နောင်ချိုလတ်ကို ဦးကျောင်းသီလသည် လုစိုင်းဟု ခေါ်လေ့ရှိသည် ။ ရှမ်းလို သားဟု ခေါ်ခြင်းဖြစ် သည် ။

နောင်ချိုလတ် ကိုးတန်းအောင်သည့် နှစ်မှာ ထမုံအောင်၏ လူးလုံနှ င့် အတူ ဦးကျောင်းသီလ ကိုးကန့် သူပုန်များ အပစ်ခံရ၍ သေဆုံးသွားခဲ့ သည် ။

နောင်ချိုလတ်သည် ကျောင်းပိတ်ရက်များ တွင် မိုင်းယဉ်တွင် ပြန်ပြ န်နေလေ့ ရှိသဖြင့် သည် တစ်ခေါက် မိမိ၏ ဖခင်နှင့် မိမိ၏ ဆရာဖြစ် သော ထမုံအောင်၏ လူးလုံ သေဆုံးသွားသဖြင့် လွှိုင်လင်သို့ လုံးဝမပြန် တော့ ချေ။

မိုင်းယဉ်တွင် အမ၊ အမေတို့ နှင့် အတူခြံလုပ်ငန်းများကို အတူတကွ လုပ်ကိုင်နေခဲ့လေသည် ။

ဤသို့ဖြင့် နောင်ချိုလတ် မိုင်းယဉ်တွင် နှစ်နှေတိုင်ခဲ့လေပြီ။

နောင်ချိုလတ်၏ ကြိုးစားမှု၊ လေ့လာ အားထုတ်မှုတို့ ကြောင့် မိုင်း ယဉ်မြေတွင် နောင်ချိုလတ်၏ စိုက် ပျိုးခင်းသည် အဓိကရဖြစ်လာခဲ့ လေသည် ။

ရွာနီးဝန်းကျင် ကျေးရွာများမှ လူငယ်များကို နောင်ချိုလတ်သည် သူ

ကဲ့သို့ဖြစ်စေချင်သည် ။ စီးပွားရေး ဖြစ်ထွန်းကာ တိုးတက်နေသော မိုင်း ယဉ်လို ကျေးရွာကြီးပေါင်းများ စွာဖြစ်ပေါ်လာစေချင်သည် ။

ထိုသဘောထားမျိုးရှိသော နောင်ချိုလတ်သည် ထမုံအောင်၏ လူငယ်များ နှင့် ဆုံဆည်းလိုခြင်းဖြစ် သည် ။

ယင်းကြောင့် ပင် လွန်ခဲ့သည့် နှစ်ရက်ခန့်က ထမုံအောင်နှင့် သူ့လူများ ဆုံရာ ဤငုနီတောသို့ သူတို့ ချင်း ချိန်းဆိုခဲ့ခြင်းဖြစ်သည် ။

ခုတော့ အခြေအနေက လှလှပပဖြစ်မလာချေ။

သူနှင့် တွေ့ဆုံလိုသော ဆွေးနွေးလိုသောဘဝတူလူငယ်များ အထဲမှ သုံးယောက်သောလူငယ်တွေနှင့် သူသတ်ပုတ်ခဲ့ရသည် ။ ထိုလူငယ် သုံး ယောက်က သူ့အပေါ် အာဃာတထားလျှင် နောင်ချိုလတ်၏ အကြံအစ ည် မှာ အခက်အခဲများ နှင့် တွေ့ရဦးမည်ဖြစ်သည် ။

"အားလုံး နားကြဟေ့..."

ထမုံအောင်၏ အသံ ပေါ်ထွက်လာသည် ။

သိုင်းကစားနေသူများ အားလုံး ရပ်လိုက်ကြသည် ။ တစ်ယောက်နှစ် တစ်ယောက် မတ်တပ်အနေအထား ဖြင့် လက်အုပ်ချီကန်တော့သည် ။ နောက် လူချင်းခွဲကာ ထမုံအောင်ရှိရာသို့ လျှောက်လာကြသည် ။

"မင်း....သူတို့ နဲ့ ဆွေးနွေးချင် ဆွေးနွေးလေကွာ..."

ထမုံအောင် နောင်ချိုလတ်ကို ထပ်မံတိုက်တွန်းသည် ။

နောင်ချိုလတ် ဝေခွဲ၍ မရသေးခင်မှာ ပင် လူသုံးယောက်မြင်းကိုယ်စီဖြင့် ရောက်လာသည် ကို တွေ့ရ သည် ။

ထိုလူသုံးယောက်သည် နောင်ချိုလတ်နှင့် ငုနီတော အစပ်တွင် ဆုံခဲ့

သူများ ဖြစ်သည် ။ ထမုံအောင်နှင့် အတူ နောင်ချိုလတ်ကို တွေ့လိုက်သဖြင့် သူတို့ အံ့သြသွားကြပုံရသည် ။ မြင်းဇက်ကြိုးကို တုန့်ခနဲဆွဲကာ ဆောင့် ရပ်လိုက်သည် ။

ဓားသမားသည် အညိုးမပြေသေးသော ဒေါသဖြင့် နောင်ချိုလတ်ကို စိမ့်စိမ့်ကြည့်သည် ။

နောင်ချိုလတ် ဓားသမားထံမှ မျက်လုံးလွှဲဖယ်သည် ။

"နေပါစေတော့ ထမုံအောင်...။ နောက်များမှ တို့ တတွေနဲ့ ထပ်ဆုံကြသေးတာပေ့ါလေ...။ ခုတော့ ငါပြန်ပါရစေ"

နောင်ချိုလတ် ခပ်အေးအေး အမူအရာဖြင့် ပြောသည် ။ ပြီးတော့ တစ်ယောက်တည်း လာလမ်းအတိုင်း လှည့်ပြန်ခဲ့သည် ။

******

# အခန်း (၃)

နန်းလှဖြူသည် မောင်ဖြစ်သူ နောင်ချိုလတ်ကို စိတ်ပူနေလေသည် ။

နောင်ချိုလတ်သည် သူမတို့ အား မပြောမဆို ဘယ်သို့မှ သွားလေ့ရှိသူမဟုတ်ချေ။ ယုတ်စွအဆုံး မဲ့(အမေ)ကိုမပြောရဲတာတောင်မှ အစ်မဖြစ်သူ နန်းလှဖြူကို ပြောဆိုသွားလေ့ရှိသည် ။

ညနေ လေးနာရီ တောင်ယာက အိမ်သို့ပြန်လာနေကျဖြစ်သော်လည်း ယနေ့ပြန်မလာသေးနိုင်ဘဲရှိ သည် ။ တောင်တန်းကုန်းမြင့်ဒေသဖြစ်၍ ဤအရပ်မှာ လေးနာရီထိုးလျှင်ပင် မှောင်ရိပ်သန်းချင်ပြီဖြစ်သည် ။ တစ်နေ့တာလုံး ပုန်းခိုနေသော မြူနှင်းတွေဝေ့ဆိုင်းလာတတ်သည် ။

နောင်ချိုလတ်လုပ်ငန်းခွင်မှ ပြန်လာလျှင် သောက်နေကျဖြစ်သော အခါးရေအိုးသည် ပင် ခုတော့ အေးစက်နေပေပြီ။

မဲ့သည် သားဖြစ်သူပြန်ရောက်လာလျှင် ထမင်းအတူစား၍ စကားအနည်းငယ် ပြောကာ ဘုရားခန်းသို့ ဝင်၍ ဘုရားရှိခိုးလေ့ရှိသည် ။

ခုတော့ သားပြန်ရောက်မလာသေးသည် နှင့် မဲ့ထမင်းမစားရသေးချေ။

ဒီကနေ့မှ နန်းလှဖြူကလည်း ညနေထမင်းဝိုင်းကို ဖွယ်ဖွယ်ရာရာလုပ်ထားလေသည်။

ဒီနေ့သည် မိုင်းယဉ်၏ ငါးရက်တစ်ဈေးနေ့ဖြစ်၍ ဈေးဝယ်ရသည်မှာ အားရစရာကောင်းလှပေသည် ။ ဝက်ပိုူသားကိုဈေးအနောက်ဖက်တွင် ပေါ်၍ နန်းလှဖြူ တစ်ပိဿာ ဝယ်ခဲ့သည် ။ ဝက်သားကြိုက်သောမောင် အတွက် ပဲငါးပိဖြင့် နှပ်ချက် ချက်လေသည် ။ တို့ ဟူးချဉ်လတ်လတ်ကို မုန်ညှင်းဆီမွှေးမွှေးဖြင့် ပြန်သုတ်ထား သည် ။ အရေသောက်အဖြစ် 'ကျမ်းလမ်း' သီးရွက်စုံဟင်းချက်သည် ။

ဝက်သားအနည်းငယ်နှင့် ပြောင်းစေ့နု အနည်းငယ်ထည့်ကာ နူးအိအောင် ပထမပြုတ်သည် ။ ပြောင်း နှင့် အသားပြုတ်ရည်များ ပွက်ပွက်ဆူလာသောအခါ ဖရုံသီး၊ ဗူးသီး၊ ခရမ်းသီးတို့ ကို ပါးပါးပါးပါးလှီးထည့်သည် ။ ခဏအကြာတွင် မှိုနှင့် ပဲတောင့်ကို ခပ်သည် ။ ချကာနီးတွင် ဂေါ်ရခါးရွက်၊ ကင်းပုံရွက်၊ ပင်စိမ်းရွက်တို့ အုပ်ကာ အိုးကိုချထားလိုက်သည် ။

ဤတွင် နာမည်ကြီးဂုံဟင်း ကျမ်းလမ်းဟင်းချိုကိုရလေသည် ။

သစ်သီး သစ်ရွက်စုံလင်သဖြင့် ရောဂါဘယမျိုးစုံကို ခုခံကာကွယ်နိုင်သည် ဟု အဖေမသေခင်က နန်းလှ ဖြူကိုပြောခဲ့လေသည် ။ အဖေရှိစဉ်ကဆိုလျှင် ထိုကျမ်းလမ်းဟင်းချိုကို မကြာခဏ ချက်ရလေ့ရှိသည် ။ ဖအေ တူဖြစ်သော နောင်ချိုလတ်သည် ထိုဟင်းကိုကြိုက်လေ့ရှိလေသည် ။

ကနေ့ ထမင်းဝိုင်းကို ဖွယ်ဖွယ်ရာရာ သည့် နှယ် စီစဉ်ထားခဲ့လေမှ နောင်ချိုလတ်က ပေါ်လာနိုင်ခဲလေ သည် ။

မောင်ဖြစ်သူလာလမ်းသို့ လည်ပင်း တမျှော်မျှော်ဖြစ်နေသော နန်း

လှဖြူကို မဲ့သည် ပက်လက်ကုလား ထိုင်တွင် ထိုင်နေရာက လှမ်းမေးသည် ။

"သူခုအထိ မလာသေးပါလား"

"ဟုတ်တယ် မဲ့...။ ခါတိုင်းလဲ ဒီလောက်နောက်ကျနေတာ မဟုတ်ပဲနဲ့ ...."

"ကလေးမှာ ရည်းစားတွေ ဘာတွေများ ရှိသလားမဆိုနိုင်ဘူး..."

"ရှိရင်လဲ ညမှ လည်မှာ ပေါ့မဲ့ရယ်....။ ဒီလိုစည်းဖေါက်ပြီး ဟိုမှာ ချိန်းတွေ့၊ ဒီမှာ ချိန်းတွေ့မလုပ်တန်း ကောင်းပါဘူး"

"ဟဲ့...ပြောလို့ ရမလားသမီးရဲ့ ...။ ခုခေတ် ကလေးတွေက အရင်လို မဟုတ်တော့ဘူးလေ။ ပြီးတော့ ကလေးက လွိုင်လင်မှာ ကြီးတာဆိုတော့ မြို့စိတ်မြို့သွေးတွေ ဝင်နေတာကွဲ့..."

"ကြံကြီးစီရာ မဲ့ရယ်... အနောင် ဒီလိုမဟုတ်ပါဘူး"

နန်းလှဖြူပင်လျှင် စကားပြောရင်၊ မြို့စိတ်ဝင်နေပေပြီ။ နောင်ချိုလတ်ကို သူမသည် အနောင်ဟူ၍ ငယ်စဉ်ကတည်းက နှုတ်ကျိုးခဲ့လေသည် ။

သည် အခိုက်မှာ ခြံဝိုင်းတံခါးဖွင့်သံကို ကြားလိုက်ရသဖြင့် နှစ်ယောက်စလုံး စကားပြတ်သွားသည် ။

နန်းလှဖြူ ခြံဝသို့လှမ်းကြည့်သည် ။

ဝင်လုနေ၏ အားနည်းသော အလင်းရောင်အောက်တွင် အမျိုးသမီးသဏ္ဌာန်တစ်ခုကို တွေ့ရလေသည် ။

အမျိုးသမီးသည် တံခါးကို ပြန်စေ့ထားခဲ့ကာ အတွင်းဘက်သို့ လျှော

က်လာသည္ ။

သည္ ေတာ့မှ မည်သူမည်ဝါမှန်း နန်းလှဖြူ အတတ်သိလိုက်သည် ။

နန်းကြာပဒုံ….။

ဟုတ်သည် ။ နန်းကြာပဒုံပဲဖြစ်သည် ။

မိုင်းယဉ်တွင် အထင်ရှားဆုံးနှင့် အချမ်းသာဆုံး မိသားစုမှ တစ်ဦးတည်းသော သမီး နန်းကြာပဒုံဖြစ်ပါ လေသည် ။

"ဘယ်သူလဲကွဲ့…"

အမေက နန်းလှဖြူကို ခပ်တိုးတိုး လှမ်းမေးသည် ။

နန်းကြာပဒုံ အိမ်ပေါ် မရောက်သေးသဖြင့် နန်းလှဖြူအမေ့ကို ပြန်လည် အဖြေပေးသည် ။

"နန်းကြာပဒုံပါ မဲ့"

"မိန်းကလေး တစ်ယောက်ထဲလား"

"တစ်ယောက်ထဲဘဲ"

"သူ ဘာလာလုပ်ပါလိမ့်"

အဖွားကြီးသည် နန်းကြာပဒုံမလာစဖူး အလာထူးသဖြင့် အံ့ဩနေလေသည် ။

နန်းကြာပဒုံ အိမ်ပေါ်ထပ်သို့ မတက်သေးဘဲ အောက်လှေကားရင်းမှ လှမ်းအော်သည် ။

"မမနန်းလှဖြူ….မမနန်းလှဖြူ"

"ရှိတယ် နန်းကြာပဒုံ၊ အပေါ်တက်ခဲ့ပါ"

နန်းကြာပဒုံ လှေကားအတိုင်း အိမ်ပေါ်သို့ တက်လာခဲ့လေသည် ။

နန်းကြာပဒုံကို ဧည့်ခန်း ကြိမ်ကုလားထိုင်များ ရှိရာသို့ နန်းလှဖြူခေါ်လာခဲ့သည် ။

ဤအိမ်ကြီးမှာ နောင်ချိုလတ် စိတ်ကြိုက်ပုံစံဖြင့် ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည် ။

စီးပွားဖြစ်ထွန်းသဖြင့်လည်း ငွေကြေး အကုန်အကျခံကာ ခေတ်မီ အောင် ပြင်ဆင်ထားလေသည် ။

နှစ်ဆောင်ပြိုင် အိမ်ကြီးဖြစ်ကာ လွိုင်လင်မှ လက်သမားများကို တ ကူးတကမှာ ယူ၍ ဆောက်ထားခြင်း ဖြစ်သည် ။ အောက်ဖက်တွင် ခြေ တံရှည် ဖြစ်သော်လည်း ကျွန်းတိုင်လုံးကြီးများကြောင့် ခန့်ထည်တောင့် တင်း လေသည် ။

အပေါ်ထပ်တွင် ဧည့်ခန်း၊ ဘုရားခန်း၊ အိပ်ခန်း၊ ထမင်းစားခန်း၊ မီးဖို ခန်း အစုံအလင် ဖွဲ့ထားလေ သည် ။ အောက်ထပ်တွင် စိုက်ပျိုးရေးလုပ်င န်းနှင့် ပတ်သက်ရာ ကရိယာပစ္စည်းများကို စနစ်တကျ ထားလေ သည် ။

နောင်ချိုလတ်၏ အိမ်ကြီးမှာ တောဟန်နွှယ်သော်လည်း မြို့ဆန် သောအိမ်ကြီးပင် ဖြစ်လေသည် ။

နန်းကြာပဒုံ ခုံကလေးတွင် ဝင်ထိုင်ကာ အိမ်ကြီးပတ်ပတ်လည်ကို မ သိမသာ အကဲခတ်ကြည့် လေသည် ။

ဘုရားခန်းအဝင်ဝတွင် ပက်လက်ကုလားထိုင်တစ်လုံး ခင်း၍ ထိုင် နေသော နောင်ချိုလတ်၏ မိခင်ကို မြင်သဖြင့် လှမ်း၍ နှုတ်ဆက်သည် ။

"ထမင်းစားပြီးပြီလား ဒွေးတော်"

"မစားသေးပါဘူးကွယ်။ ကလေးကိုစောင့်နေတယ်လေ"

"အနောင့်ကိုလား ဒွေးတော်"

"အေး..."

"သူ ဘယ်သွားနေလို့ လဲ"

"ယာထဲလေ"

"ခုထိပြန်မလာသေးဘူးလား"

"မလာသေးဘူးကွဲ့"

နန်းကြာပဒုံ အဖွားကြီးနှင့် စကားပြောနေစဉ် နန်းလှဖြူခေါက်ပုတ်ကြော်တစ်ပန်းကန်ကို မီးဖိုခန်းထဲမှ ယူဆောင်လာခဲ့လေသည် ။

စားပွဲပေါ်ပန်းကန်ချကာ နန်းလှဖြူ ခုံတစ်လုံးတွင် ဝင်ထိုင်သည် ။

"စား ညီမလေး...အဖန်ရေလေးလဲ သောက်ပါဦး"

နန်းကြာပဒုံကို ညှို့ဝတ်ပြုစကားဆိုသည် ။

သို့သော် နန်းကြာပဒုံ လာစဉ်ကလို တည်တည်ငြိမ်ငြိမ်မရှိလှကြောင်း နန်းလှဖြူရိပ်စားမိလိုက်သည် ။

မိန်းမသားချင်းပင် ငေးယူလောက်အောင် လှပသောနန်းကြာပဒုံ မျက်နှာကလေးသည် ခုတော့ မပြုံး နိုင်မရယ်နိုင်ဖြစ်နေလေသည် ။

အဖွားကြီးမကြားအောင် လေသံတိုးတိုးဖြင့် မရဲတရဲ နန်းလှဖြူကို မေးသည် ။

"အနောင် ပြန်မလာတာ တကယ်နော် မမဖြူ"

"အေးပေါ့....တကယ်ပြောနေကြတာပါ။ သူ့အတွက် ချက်ထားတဲ့ ဟင်းတွေတောင် သူလာရင်စားဘို့ နွေးထားတာ ခုဆိုအေးစက်ကုန်ပြီဘဲ "

"သူတခြားဘယ်တွေများ သွားတတ်သလဲဟင်"

"ခါတိုင်းတော့ ဘယ်မှ မသွားပါဘူးကွယ်။ ယာထဲက ပြန်လာရင် အိမ်ကို အရောက်ပြန်ခဲ့တာဘဲ"

"ဟုတ်တယ် လေးနာရီခွဲလောက်ဆိုရင် အနောင်နန်းကြာပဒုံတို့ အိမ်ရှေ့က ဖြတ်နေကျဘဲ။ ဒီနေတော့ လုံးဝ ဖြတ်တာမမြင်ရဘူး"

နန်းကြာပဒုံတို့ အိမ်ကြီးမှာ ရွာအရှေ့ဘက်တွင် ရှိ၍ ရွာ၏ အရှေ့ဘက် တောင်ခြေတွင် ရှိသော နောင်ချို လတ်၏ ယာခင်းဘက်သို့ သွားရာလမ်းတွင် ကျရောက်သဖြင့် နောင်ချိုလတ်နေ့စဉ်လိုလို ယာခင်းသို့ အသွား အပြန်တွင် ဖြတ်သွားရလေ့ရှိသည်။

နန်းကြာပဒုံ ထိုအချက်ကို ရည်ရွယ်၍ ပြောလိုက်ခြင်းဖြစ်သည်။

"ဒါဆိုရင်...အနောင်ယာထဲက လုံးဝ ပြန်မလာသေးတာ သေချာတယ်"

"အို....ဒါဆိုရင် သူဘာများ ဖြစ်နေသလဲမသိဘူး"

"မမဖြူနဲ့ မဲ့လဲ အဲဒီအတွက် စိတ်ပူနေကြတာ"

"မဖြစ်ဘူး...မဖြစ်ဘူး...ဒါဆိုရင် အိမ်ကအိုက်စံတို့ ကို ယာထဲကို လိုက်ခိုင်းမှ ဘဲ"

နန်းကြာပဒုံ စိတ်ပူစွာဖြင့်ပြောရင်း အိမ်ပေါ်မှ အပြေးတပိုင်း ပြန်ဆင်းသွားခဲ့လေသည်။

မဲ့လည်း နန်းကြာပဒုံကိုကြည့်၍ အံ့အားသင့်သွားသည် ။

နန်းလှဖြူအဖို့ မူ ပြောဘွယ်ရာမရှိတော့ပြီ။

ထိုအရေးအခင်းနှင့် စပ်လျဉ်း၍ နှစ်ဦးစလုံးမှာ မှတ်ချက်တစ်ခုကို ပြိုင်တူချလိုက်မိကြသည် ။

နောင်ချိုလတ်အတွက် စိတ်ပူတတ်သူတစ်ဦးတိုးခြေပြီ ဟူ၍ တည်း။

******